ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဆိုးလ်မြို့

# ကိုရီးယားသမ္မတနိုင်ငံရောက်မြန်မာနိုင်ငံသားများသို့ အသိပေးကြေညာချက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

အကြောင်းအရာ။ **ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိနေကြသော နိုင်ငံကူးလက်မှတ် သက်တမ်းရှိသည့်မဲဆန္ဒရှင် မြန်မာနိုင်ငံသားများသို့ ကြားဖြတ် ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲတောင်းခံသည့်ပုံစံ(၁၅)ဖြန့်ဝေခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လွှတ်တော်အသီးသီးရှိ လစ်လပ်မဲဆန္ဒနယ်(၁၉)ခု အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်၊ ဧပြီလ(၁)ရက်(စနေနေ့)တွင် ကျင်းပပြုလုပ် မည်ဖြစ်ပါ၍ ပြင်ပရောက် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းရှိသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် အကြောင်းကြားလာသည့်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ၂၇-၁၀-၂၀၁၆ ရက်စွဲပါကြေညာချက်အမှတ်(၂၃/၂၀၁၆)၊ ပုံစံ(၁၅)နှင့် မဲဆန္ဒနယ်များ စာရင်းအား ဤစာနှင့်အတူ ပူးတွဲဖော်ပြအပ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်တွင်ပါရှိသော လစ်လပ်မဲဆန္ဒနယ်များတွင် အကျုံးဝင်သည့် ကိုရီးယားသမ္မတနိုင်ငံရောက် မဲဆန္ဒပေးခွင့်ရှိသည့်မြန်မာနိုင်ငံသားများမှ သတ်မှတ်ပုံစံ(၁၅)တွင် ပြည့်စုံစွာဖြည့်စွက်၍ မြန်မာသံရုံး၊ ဆိုးလ်မြို့၏အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ တယ်လီဖက်စ်ဖြင့်ဖြစ်စေ၊ အီးလ်မေးဖြင့် ပူးတွဲ၍ဖြစ်စေ (၅-၁၂-၂၀၁၆)ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူနှင့်အတူ အချိန်မီ ပြန်လည် ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်-

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
HANNAM-DAERO 28-GIL 12, YONGSAN-GU,
SEOUL, P.O.BOX: 140-210
Tel. 790 3814-7903815-7903816, Fax: 7903817
E-Mail: myanmar@kotis.net

၃။ ပုံစံ(၁၅)ရှိ အမှတ်စဉ်(၈)တွင်ပါရှိသော ပြည်ပလိပ်စာအား မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်ဟု ရေးသားထားသော်လည်း အင်္ဂလိပ်ဘာသာဖြင့်သာရေးသွင်းပေးရမည်ဖြစ်ပြီး၊ ပြည့်စုံမှန်ကန်စွာဖြည့်စွက်ထားသောပုံစံ(၁၅)ကို အချိန်မီပြန်လည်ပေးပို့ပေးပါရန်နှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသော(၅-၁၂-၂၀၁၆) ရက်နေ့ထက်နောက်ကျပြီး ရောက်ရှိလာသောပုံစံ(၁၅)များကို ဆက်လက်ပေးပို့နိုင်မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ ဤအသိပေးကြေညာချက်ကို နီးစပ်ရာ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများထံသို့ အသိပေးဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊ ဆိုးလ်မြို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

| | လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) | ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) | ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျေးသီး |
| (၉) | မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
| --- | --- |
| (၁) ချင်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
| --- | --- |
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မိုင်းရှူး |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------ သည် ------------------------------ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------

(၅) အဘအမည် ----------------------------------------------

(၆) အမိအမည် ----------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်(                    )
------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
--------------- မြို့နယ်၊ ------------------ တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် -------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ----------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -----------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။